
# ပြည်သူတို့၏ အခြေခံရပိုင်ခွင့်များ[၃]




*အက်ဒမွန်ဘာ့ခ်၊ လွတ်လပ်သော အစိုးရ တစ်ဖွဲ့ ထူထောင်ရန် ခက်ခဲရခြင်းအကြောင်း (၁၉၇၀)*

*အစိုးရတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ရန် အတွက် ဉာဏ်အမြော်အမြင်ကြီးမားပြည့်စုံစရာ မလိုချေ။ အာဏာကို အခြေခိုင်အောင် လုပ်ဆောင်၊ အမိန့်နာခံတတ်ဖို့ကို သင်ကြားပေးလျှင် အလုပ်ဖြစ်ပေပြီ။ လွတ်လပ်မှုကို ပေးရန်မှာမူ ပို၍ပင် လွယ်ကူပါသည်။ ယင်းအတွက် လမ်းပြ ညွှန်စရာပင် မလိုချေ။ လွတ်လပ်မှုကို ပေးလိုက်ရန်သာဖြစ်လေသည်။ သို့သော် လွတ်လပ်သော အစိုးရတစ်ဖွဲ့ တည်ထောင်ရန်ဆိုလျှင်မူ လွတ်လပ်မှုနှင့် အလွန်အကျွံဖြစ်မှုတည်းဟူသော ဝိရောဓိတရားကို ပေါင်းစည်းပေးရပေမည်။ သည့်အတွက် အတွေးအခေါ်၊ ဆင်ခြင်ဉာဏ်၊ အမြော်အမြင်နှင့် ပေါင်းစည်းမှု စိတ်ဓာတ်တို့ဖြင့် ပြည့်ဝရန် လိုအပ်ပေသည်။*

သည်တင်းမာမှုကို ကောင်းခြင်းမင်္ဂလာဟူ၍ ရှုမြင်ရန် လိုအပ်ပါသည်။ အကြောင်းမူ လွတ်လပ်မှုသည် မင်းမဲ့စရိုက်အနေအထားသို့ ဈာန် မလျှောသွားရအောင်လည်းကောင်း၊ အာဏာရှင်အုပ်စိုးမှုမျိုး ဖြစ်မသွားရအောင်လည်းကောင်း ၄င်းက ချိန်ခွင်လျှာညှိပေးသောကြောင့် ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်တွင် လူတစ်ယောက်သည် အခြားတစ်ယောက်၏ အခွင့်အရေးများကို လေးစားမှုရှိရပေမည်။ တစ်ဦးတစ်ယောက်၏ အခွင့်အရေးများ ဆုံးရှုံးခြင်းဟူသည် လူအားလုံး၏ အခွင့်အရေးများလည်း ဆုံးရှုံးပြီဟူ၍ အဓိပ္ပာယ်သက်ရောက်နိုင်ပါသည်။

ပြည်သူတို့၏ အခြေခံရပိုင်ခွင့် အခွင့်အရေးများကို ကျင့်သုံးရာတွင် ဒုတိယပြဿနာက အဆိုပါရပိုင်ခွင့်များအတွက် ကောင်းမွန်ပြည့်စုံသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ ကျွန်ုပ်တို့တွင် မရှိခြင်းပင် ဖြစ်လေသည်။ ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေသည် “အကြောင်းအချက်များကို အစဉ်အတိုင်း ဖော်ပြထားချက်သာဖြစ်ပြီး အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းထားခြင်းမရှိချေ” ဟူ၍ တရားသူကြီးချုပ် ဂျွန်မာ

ရှယ်က ရေးသားခဲ့ဖူးပါသည်။ သူဆိုချင်သည်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကွန်ဂရက်လွှတ်တော်၏ လုပ်ပိုင်ခွင့် အာဏာများကို ဖော်ပြထားသော်ငြား ထိုဖော်ပြချက်မှာ လုပ်ပိုင်ခွင့်အာဏာများ၏ စာရင်းသာ ဖြစ်နေပြီး အဆိုပါ လုပ်ပိုင်ခွင့်အာဏာများအကြောင်းကို ဖွင့်ဆိုရှင်းပြထားခြင်း မဟုတ်ဟူ၏။ ဥပမာ–ကွန်ဂရက်လွှတ်တော်သည် ပြည်နယ်ချင်း ကူးသန်းရောင်းဝယ်မှုကို ထိန်းချုပ်ခွင့်ရှိပါသည်။ သို့သော် "ပြည်နယ်ချင်း" ကူးသန်းရောင်းဝယ်မှုဟူသည် ဘာဖြစ်သည်ဆိုခြင်းကို ရာစုနှစ်နှစ်ခုကျော် ကြာသည့်တိုင် ငြင်းခုန်နေခဲ့ကြလေသည်။

အဓိပ္ပာယ်ဖွင့်ဆိုခြင်းတွင် ထိုကဲ့သို့ အားနည်းမှုကြောင့် အားလုံး ဖရိုဖရဲဖြစ်သွားခြင်းမျိုးတော့ မရှိပါ။ ယင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ အကြောင်းအချက်များကို ပြန်ဆိုရှင်းလင်းသည့် ယန္တရားတစ်ခုက ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ရှိနေသောကြောင့် ဖြစ်ပါသည်။ အခြေခံ ရပိုင်ခွင့်တစ်ရပ်၏ အဓိပ္ပာယ်နှင့် စပ်လျဉ်း၍ လူထုသည် တရားရုံးချုပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အပေါ် သဘောထားမကိုက်ညီသည့်တိုင် ဥပဒေ စည်းမျဉ်းကို လေးစားသောအားဖြင့် အဆိုပါ အဓိပ္ပာယ် သတ်မှတ်ချက်ကို နာခံရန် လိုအပ်ပါသည်။ တရားရုံးများ၏ ဖွဲ့စည်းပုံက အချိန်နှင့်အတူ ပြောင်းလဲလာသလို တရားသူကြီးများဖြစ်လာကြသည့် ယောကျ်ား၊ .မိန်းမများသည်လည်း ရပိုင်ခွင့်များ၏ အနေအထား တဖြည်းဖြည်းပြောင်းလဲလာပုံကို နားလည်သဘောပေါက်လာခဲ့သည်။ ထို့ကြောင့်ပင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ရပိုင်ခွင့်များသည် အချိန်အခါနှင့် လိုက်လျောညီထွေ ရှိအောင် တရားရုံးချုပ်က အဓိကနေရာမှ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

တတိယအချက်က ရပိုင်ခွင့်များ၏ အတိုင်းအဆ ဖြစ်ပါသည်။ တစ်စုံတစ်ဦးက အမေရိကန်ပြည်ထောင်စု၏ သမိုင်းကို ရေးမည်ဆိုလျှင် အခြေခံရပိုင်ခွင့်များသည် အများပြည်သူနှင့် ပို၍ပို၍ အကျုံးဝင်လာပုံကို တွေ့ ရှိရပေမည်။ ဥပမာ–တစ်ချိန်တုန်းက အသက် ၂၁ နှစ် ပြည့်ပြီးသူ အိုးပိုင် အိမ်ပိုင် လူဖြူများသာ မဲဆန္ဒပေးပိုင်ခွင့် ရှိခဲ့သည်။ နောက်ပိုင်းတွင်မူ ယောကျ်ား၊ မိန်းမ၊ လူဖြူရော၊ အသားရောင်ရှိသူများပါ၊ ဆင်းရဲချမ်းသာ မရွေး အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်းနီးပါး မဲဆန္ဒပေးပိုင်ခွင့် ရှိလာပါသည်။

လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်၍ အခြေခံရပိုင်ခွင့်များက မည်မျှအထိ ခွင့်ပြုပြဋ္ဌာန်းပေးထားသည်ဆိုသော အချက်ကလည်း မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။ သည်ရပိုင်ခွင့်က လူများစုကြီး ကိုးကွယ်ယုံကြည်သော ဘာသာတရားတစ်ခုတည်းအတွက်သာ ပြဋ္ဌာန်းထားခြင်း မဟုတ်သည်ကတော့ ရှင်းပါသည်။ ၎င်းက တခြားဘာသာဝင်များအားလည်း အာမခံချက်ပေးထားသည်။ သို့သော် နိုင်ငံ၏ စံတန်ဖိုးများနှင့် သူစိမ်းပြင်ပြင်ဖြစ်သည့် တိရစ္ဆာန်များအား ယဇ်ပူဇော်ခြင်း သို့မဟုတ် အိမ်ထောင်ဖက် အများအပြားယူခြင်း ကဲ့သို့သော တခြားဘာသာဝင်များ၏ ကျင့်စဉ်များကို မည်မျှအထိ ကျင့်သုံးပိုင်ခွင့် ရှိသနည်း။ သည်လို အကြောင်းအရာများနှင့် ပတ်သက်၍ တရားရုံးချုပ်သည် နှစ်ပေါင်း ၂၀၀ ကျော်နပန်းလုံးခဲ့ရလေသည်။ အခြေခံရပိုင်ခွင့်များအား မည်သည့်အတိုင်းအတာအထိ ကျင့်သုံးပိုင်ခွင့် ရှိသနည်းဟူသော ဖြေရခက်သည့် မေးခွန်းများကို တရားရုံးချုပ်သည် ယနေ့တိုင် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ သည်အကြောင်းကို စံပြမှုခင်းတစ်ခုအား နမူနာပြ၍ တရားသူကြီး ကင်နေဒီက အောက်ပါအတိုင်း မှတ်ချက်ပြု ရေးသားခဲ့ဖူးပါသည်။

### *တရားသူကြီး အန်ထော်နီ ကင်နေဒီ၊ တက်ဆက်ပြည်နယ်နှင့် ဂျွန်ဆင်အမှု (၁၉၈၉)*

ခက်သည်က တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့ မနှစ်သက်ပါဘဲလျက် ဆုံးဖြတ်ချက်ချမှတ်ရခြင်းမျိုး ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်ရခြင်းမှာလည်း ၎င်းတို့က မှန်ကန်နေသော ကြောင့် ဖြစ်ပါသည်။ ရလဒ်က နိုင်လိုမင်းထက် လုပ်ယူထားခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့က ရှုမြင်သော်ငြား ၎င်းတို့သည် တရား ဥပဒေ နှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတို့ဘက်မှကြည့်လျှင် မှန်ကန်မှု ရှိပါသည်။

သည်လုပ်ငန်း စဉ်ကြီးကို ကျွန်ုပ်တို့ ထမ်းဆောင်ရသည်မှာ ကြီးမြတ်လှရကား ရှားရှားပါးပါး ကိစ္စရပ်များ မှတစ်ပါး နိုင်လိုမင်းထက် လုပ်ယူထားသော ရလဒ်အပေါ် သဘောမတွေ့ ကြောင်းကို ထုတ်ဖော်ပြောဆိုရန် ကျွန်ုပ်တို့သည် ဆုတ်ဆိုင်းခြင်းမရှိခဲ့ပါ။

အကြောင်းမှုကား ဆုံးဖြတ်ချက် ချမှတ်မှုအပေါ် ပြဋ္ဌာန်းပေးထားသော မဏ္ဍိုင်ကြီးယိုင်လဲသွားမည်ကို စိုးသောကြောင့်ဖြစ်ပါသည်။ ယခုအမှုက ထိုကဲ့သို့သော ရှားရှားပါးပါး အမှုမျိုးဖြစ်ပါသည်။ ●

*Melvin Urofsky* ၏

*Rights of the People* မှပြန်ဆိုပါသည်။

